## (၅) ရွက်ကြွေ/ အခေါက်ပုပ်/အနက်စင်းရောဂါ (Abnormal Leaf fall/ Bark rot or black stripe/Pod Rot)


**ရောဂါဖြစ်စေသောသက်ရှိ -  Phytophthora palmivora, *Phytophthora meadii***

**ရောဂါလက္ခဏာများ**

အရွက်များပေါ်တွင် စက်ဝိုင်းပုံ၊ နီညိုရောင်ရှိသော ရေစိုနာဒဏ်ရာ ကွက်များ၏ အလယ်တွင် အစေး အမှုန်အမွှားများအား တွေ့နိုင် သည်။ ရောဂါကွက်များသည် ကြီးမား ကျယ်ပြန့်လာပြီး ပေါင်းစပ်သွားကာ ဆဲလ်သေကွက်များဖြစ်သွားသည်။ အရွက်များကို ပြင်းပြင်းထန်ထန် လှုပ်ခါသောအခါတွင် အလွယ်တကူ ကြွေကျတတ်ပါသည်။ အညွန့်များအား ရောဂါတိုက်ခိုက်ခံရပါက (Dieback) အညွန့်မှစ၍ တစ်ဖြည်းဖြည်းအောက်ဖက်သို့ သေဆုံး သွား သည်။

ရိုးတံတွင် ရောဂါကြောင့်မီးခိုးရောင်မှ အနက်ရောက် ဒါဏ်ရာကွက်များဖြစ်ပေါ် ပြီး ၎င်းမှိုဝင်ရောက်သောနေရာတွင် အစေးလုံးလေးများထွက်နေသည်ကို တွေ့နိုင်သည်။ အသီးများ တွင်ရောဂါကျရောက်ပါက အသီးပုပ်ခြင်းနှင့် အသီးကြွေခြင်းများဖြစ်ပေါ်စေသည်။

ပင်စည်ပေါ်တွင် ချိုင့်ဝင်နေသောဒါဏ်ရာများကိုပထမဦးစွာတွေ့ရပြီးနောက်ပိုင်း ပုပ်လာ သည်။ ရောဂါကျနေသော အခေါက်သည် ခြောက်လာပြီး ပင်စည်အသားထဲအထိဖြစ်လာသည်။ ဒေါင်လိုက်အနက်ရောင်အစင်းဒါဏ်ရာများသည် အစေးထုတ်လှီး ခြင်းမရှိ သေးသော အခေါက် အထိ ကျယ်ပြန့်သွားသည်။ ဒါဏ်ရာရရှိသောအခေါက်သည် ညီညာမှု မရှိသဖြင့် အစေးလှီး ထုတ် ရာတွင် အခက်အခဲဖြစ်စေသည်။



ရောဂါရ ပင်ကြွင်းပင်ကျန်များတွင်ခိုအောင်းနေသော မှိုများသည် မိုးတွင်းကာလ၊ စိုထိုင်းဆများ သောအချိန်တွင် ရောဂါဖြစ်စေသည်။

ကာကွယ်နှိမ်နင်းနည်းများ

- ရောဂါဒါဏ်ခံနိုင်ရည်ရှိသောမျိုးများကိုရွေးချယ်စိုက်ပျိုးပါ။
- ရောဂါရအပင်မှကြွေသော အရွက်များအားမီးရှို့ဖျက်ဆီးပါ။
- ရောဂါရှိခြံနှင့် ရောဂါကင်းခြံရောပြီး ရော်ဘာစေးခြစ်ပါက ရောဂါကူးစက်နိုင်သည်။
- ပင်စည်အောက်ခြေကို ပေါင်းရှင်းလင်းပါ။
- ရောဂါကျ အကိုင်းများ ဖြတ်တောက်မီးရှို့ပါ။
- အခေါက်တွင် ဒေါင်လိုက်အနက်ရောင်အစင်းရောဂါ ကွက်များအား Metalaxyl (မီတယ်လဆီ)၊ Fosetyl-AL (ဖော့စတိုင်အေအယ်လ်) မှိုသတ်ဆေးများ အား ပျစ်ပျစ်ဖျော်၍ သုတ်လိမ်းပါ။
- မိုးမကျမီ ပင်စည်အခြေမှ ၃ပေ ခန့် အထိကို ဘော်ဒိုဆေးရည်(သို့) ထုံးသုတ်လိမ်းပါ.
- ရွက်ကြွေရောဂါအတွက် Metalaxyl (မီတယ်လဆီ)၊ Fosetyl-AL (ဖော့စတိုင်အေအယ်လ်) ၊ Dimethomorph (ဒိုင်မီသိုမော့ပ်)၊ Mancozeb (မန်ကိုဇက်) မှိုသတ်ဆေးများ ကိုအလှည့်ကျပက်ဖျန်းပါ။